# 【Yucho Tetsuzuki Appကို အသုံးပြု၍ အကောင့်ဖွင့်ရာတွင် မပြည့်စုံရသည့်အကြောင်းအရင်းများ 】

| လက်ခံခြင်းမပြုနိုင်သောအကြောင်းရင်း<br>（အီးမေးလ်တွင်ဖော်ပြထားသည် ） | အသေးစိတ်အကြောင်းရင်းများ စသည်တို့ |
|---|---|
| သင့်၌<br>အကောင့်တစ်ခုရှိနေပြီးဖြစ်သောကြောင့်<br>ထပ်မံ၍အကောင့်အသစ်ဖွင့်ခြင်းကို<br>မပြုလုပ်နိုင်ပါ။ | သင့်တွင် ယူးချောဘဏ် တွင် ပုံမှန်ငွေစုအကောင့်တစ်ခုရှိနေပါက ကျွန်ုပ်တို့၏ဘဏ်သည် သင့်အား<br>အကောင့်အသစ်ဖွင့်ခွင့်မပြုပါ။<br>သုံးစွဲသူ၏ကောင့်ပိုင်ဆိုင်မှုအခြေအနေကို စစ်ဆေးခဲ့ရာတွင် ဘဏ်အကောင့်တစ်ခုရှိနှင့်ပြီးဖြစ်ကြောင်း တွေ့ရှိပါသည်။<br>ထို့ကြောင့် အဆိုပါဘဏ်အကောင့်ကို အသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။<br>* မိမိ၏ ရှိရင်းစွဲဘဏ်အကောင့်ပျောက်ဆုံးသွားပါက သို့မဟုတ် အကောင့်ရှိသည်ကို မသိရှိ /မမှတ်မိပါက ကျေးဇူးပြု၍<br>အနီးဆုံး ယူးချောဘဏ် သို့မဟုတ် စာတိုက်၏ ငွေစုဌာနကောင်တာတွင်  ဆွေးနွေးတိုင်ပင်ပါ။ |
| အလုပ်လုပ်ခွင့်အပေါ်ကန့်သတ်ချက်ရှိပြီး<br>တင်ပြချက်အချက်အလက်များနှင့်<br>ကွဲလွဲနေသောကြောင့် အကောင့်ဖွင့်ခြင်းကို<br>မပြုနိုင်ပါ။ | သုံးစွဲသူ၏နေထိုင်ခွင့်ကတ်၏ နေထိုင်ခွင့်အမျိုးအစားနှင့် အကောင့်ဖွင့်ရန် လျှောက်ထားသောအချက်အလက်များ<br>မကိုက်ညီပါဟု ဆုံးဖြတ်သောကြောင့် အကောင့်ဖွင့်ခြင်းကို ငြင်းပယ်ပါသည်။<br>သုံးစွဲသူ၏ နေထိုင်ခွင့်ကတ်ပါ နေထိုင်ခွင့်အမျိုးအစားအရ အလုပ်လုပ်ကိုင်ခြင်း သို့မဟုတ် သတ်မှတ်ချက်ပြင်ပ<br>လှုပ်ရှားမှုများကို လုပ်ကိုင်ခွင့်မရှိပါ။ သို့သော် အကောင့်ဖွင့်ရန် လျှောက်ထားချိန်တွင် ဖော်ပြခဲ့သော<br>ဘဏ်စာရင်းအသုံးပြုမည့် ရည်ရွယ်ချက်များအရ၊ အလုပ်အတွက် ဘဏ်စာရင်းကို အသုံးပြုရန် ဖြစ်နိုင်ခြေရှိသည်ဟု<br>ကျွန်ုပ်တို့ဘက်မှ သုံးသပ်ဆုံးဖြတ်ပါသည်။<br>အလုပ်အတွက် ဘဏ်စာရင်းကို အသုံးပြုမည်မဟုတ်ပါက၊ ဘဏ်စာရင်းအသုံးပြုမည့် ရည်ရွယ်ချက် စသည်တို့ကို မှန်ကန်စွာ<br>ပြန်လည်တင်ပြပြီး၊  Yucho Tetsuzuki Appမှ ထပ်မံလျှောက်ထားပါ။ |
| အကောင့်အသုံးပြုခြင်း ရည်ရွယ်ချက်အား<br>တင်ပြသည့်အကြောင်းအရာအပေါ်<br>မူတည်၍ အကောင့်ဖွင့်ခြင်းကို မပြုနိုင်ပါ။ | "အကောင့်အသုံးပြုခြင်း ရည်ရွယ်ချက်အား တင်ပြချက် " တွင်<br>ငွေလွှဲ/ငွေသွင်းငွေထုတ်ခြင်း၏အသေးစိတ်အချက်အလက်များကို အတည်မပြုနိုင်ခဲ့သောကြောင့်<br>အကောင့်အသစ်ဖွင့်ခွင့်မပြုပါ။<br>Yucho Tetsuzuki Appမှ ထပ်မံလျှောက်ထားပါက "အကောင့်အသုံးပြုခြင်း ရည်ရွယ်ချက်အား တင်ပြချက် " ၏<br>အလွတ်ဖြည့်သွင်းနေရာတွင် ငွေလွှဲ/ငွေသွင်းငွေထုတ်ခြင်း၏အသေးစိတ်အချက်အလက်များကို ဖြည့်သွင်းပေးပါ။ |
| ကိုယ်ရေးအထောက်အထားစာရွက်စာတမ်း<br>၏ သက်တမ်းကုန်ဆုံးနေပါသည်။ | ကိုယ်ရေးအထောက်အထားစာရွက်စာတမ်း၏ သက်တမ်းကုန်ဆုံးနေပါသည်။ သက်တမ်းတိုးထားသည့်<br>ကိုယ်ရေးအထောက်အထားစာရွက်စာတမ်း သို့မဟုတ် အခြား ကိုယ်ရေးအထောက်အထားစာရွက်စာတမ်းကို ပြင်ဆင်ပြီးမှ<br>လျှောက်ထားပါရန် မေတ္တာရပ်ခံအပ်ပါသည်။ |
| နေထိုင်ခွင့်ကတ်၏ပုံတွင် ချို့ယွင်းချက်<br>ရှိသည်။ | နေထိုင်ခွင့်ကတ်အဖြစ် တင်ပြပေးထားသော ပုံသည် အောက်ပါအချက်များအနက်မှ တစ်ခုခုနှင့် ကိုက်ညီနေသဖြင့်<br>အချက်အလက်အကြောင်းအရာကို အတည်ပြု၍ မရနိုင်ပါ။ ထို့ကြောင့် လျှောက်လွှာကို လက်မခံနိုင်ပါ။<br><br>・တင်ပြထားသော ပုံသည် နေထိုင်ခွင့်ကတ် မဟုတ်ပါ။<br>・ပေးပို့ထားသော နေထိုင်ခွင့်ကတ်ပုံ၏ အစိတ်အပိုင်းတစ်ချို့ကို မမြင်ရပါ  (ပုံထဲတွင် လက်ပါနေခြင်း၊<br>အလင်းရောင်ဝင်နေခြင်း စသည်ဖြင့်)။<br><br>အထက်ပါအချက်များကို သတိထားပြီးနောက်  Yucho Tetsuzuki Appမှ ထပ်မံလျှောက်ထားပါ။ |

# 【Yucho Tetsuzuki Appကို အသုံးပြု၍ အကောင့်ဖွင့်ရာတွင် မပြည့်စုံရသည့်အကြောင်းအရင်းများ 】

| လက်ခံခြင်းမပြုနိုင်သောအကြောင်းရင်း<br>（အီးမေးလ်တွင်ဖော်ပြထားသည်） | အသေးစိတ်အကြောင်းရင်းများ စသည်တို့ |
|---|---|
| အလုပ်အကိုင်/ ကျောင်း<br>အတည်ပြုစာရွက်စာတမ်း၏ ပုံတွင်<br>ချို့ယွင်းချက် ရှိသည်။ | အလုပ်အကိုင်/ ကျောင်း အတည်ပြုစာရွက်စာတမ်းအဖြစ် တင်ပြပေးထားသော ပုံသည် အောက်ပါအချက်များအနက်မှ တစ်ခုနှင့်အထက် ကိုက်ညီနေသဖြင့် အချက်အလက်အကြောင်းအရာကို အတည်ပြု၍ မရနိုင်ပါ။ ထို့ကြောင့် လျှောက်လွှာကို လက်မခံနိုင်ပါ။<br>・ဝန်ထမ်းကဒ်၊ ကျောင်းသားကဒ်၊ အခြားသောအတည်ပြုစာရွက်စာတမ်း မဟုတ်ပါ။<br>・အတည်ပြုစာရွက်စာတမ်း၏ အစိတ်အပိုင်းတစ်ချို့ကို မမြင်ရပါ （ပုံထဲတွင် လက်ပါနေခြင်း၊ အလင်းရောင်ဝင်နေခြင်း စသည်ဖြင့်)။<br>・နေထိုင်ခွင့်ကတ်ပေါ် ရှိ နာမည်နှင့် မကိုက်ညီပါ။<br>・နာမည် သို့မဟုတ် အလုပ်အကိုင်လိပ်စာ/ ကျောင်းအမည်ကို အတည်ပြု၍ မရနိုင်ပါ။<br>※သန်းခေါင်စာရင်းစာရွက်/ ကိုယ်ပိုင်နံပါတ်အကြောင်းကြားစာဖြင့် အလုပ်အကိုင်နေရာ သို့မဟုတ် ကျောင်းအမည်ကို အတည်ပြု၍ မရနိုင်သည့်အတွက် အတည်ပြုစာရွက်စာတမ်းအဖြစ် မသုံးနိုင်ပါ။<br>※နာမည် သို့မဟုတ် အလုပ်အကိုင်လိပ်စာ/ ကျောင်းအမည် ပါရှိနေသော်လည်း လျှောက်ထားချိန်တွင် သင်၏စာရင်းသွင်းခြင်းကို အတည်မပြုနိုင်လျှင် (သက်တမ်းကုန်ဆုံးရက်မရှိဘဲ ထုတ်ပေးသည့်နေ့မှစ၍ အချိန်အတော်အတန်ကြာ ကျော်လွန်နေခြင်းစသည်) အတည်ပြုစာရွက်စာတမ်းအဖြစ် အသုံးမပြုနိုင်ပါ။<br><br>အထက်ပါအချက်များကို သတိထားပြီးနောက် Yucho Tetsuzuki Appမှ ထပ်မံလျှောက်ထားပါ။ |
| နာမည် မှားယွင်းနေပါသည်။ | ကိုယ်ရေးအထောက်အထားစာရွက်စာတမ်းတွင် ဖော်ပြထားသော နာမည်နှင့် လျှောက်ထားသည့် နာမည်သည် ကွဲလွဲနေပါသည်။ ကိုယ်ရေးအထောက်အထားနှင့် ကိုက်ညီမှုရှိကြောင်း အတည်ပြုပြီးမှ လျှောက်ထားပါ။<br><br>＜နိုင်ငံခြားသား သုံးစွဲသူများအတွက်＞<br>သင်၏ နေထိုင်ခွင့်ကတ်ကို စစ်ဆေးပြီး ၎င်းတွင် ဖော်ပြထားသော အမည်ကို ဖြည့်သွင်းပြီးမှ လျှောက်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။<br>ထို့အပြင် နေထိုင်ခွင့်ကတ်တွင် ဖော်ပြထားသော နာမည်တွင် အဖြတ်အတောက် (space) ပါဝင်ပါက နာမည်တွင် အဖြတ်အတောက် (space) ကို ထည့်သွင်းရမည်ဖြစ်သည်။ ထိုအခြေအနေတွင် kanaနာမည်တွင်လည်း အလားတူသည့် အဖြတ်အတောက် (space) ကိုထည့်သွင်းရန် လိုအပ်ပါသည်။ |
| မွေးသက္ကရာဇ် မှားယွင်းနေပါသည်။ | နေထိုင်ခွင့်ကတ်တွင် ဖော်ပြထားသော မွေးသက္ကရာဇ်နှင့် လျှောက်ထားသည့် မွေးသက္ကရာဇ်သည် ကွဲလွဲနေပါသည်။<br>သင်၏ နေထိုင်ခွင့်ကတ်ကို စစ်ဆေးပြီး ၎င်းတွင် ဖော်ပြထားသော မွေးသက္ကရာဇ်ကို ဖြည့်သွင်းပြီးမှ လျှောက်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ |
| နိုင်ငံသားဖြည့်သွင်းမှု မှားယွင်းနေပါသည်။ | နေထိုင်ခွင့်ကတ်တွင် ဖော်ပြထားသော နိုင်ငံသားနှင့် လျှောက်ထားသည့် နိုင်ငံသားသည် ကွဲလွဲနေပါသည်။<br>သင်၏ နေထိုင်ခွင့်ကတ်ကို စစ်ဆေးပြီး ၎င်းတွင် ဖော်ပြထားသော နိုင်ငံသားအမည်ကို ဖြည့်သွင်းပြီးမှ လျှောက်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ |
| နေရပ်လိပ်စာ မှားယွင်းနေပါသည်။ | နေထိုင်ခွင့်ကတ်တွင် ဖော်ပြထားသော နေရပ်လိပ်စာနှင့် လျှောက်ထားသည့် နေရပ်လိပ်စာသည် ကွဲလွဲနေပါသည်။<br>သင်၏ နေထိုင်ခွင့်ကတ်ကို စစ်ဆေးပြီး ၎င်းတွင် ဖော်ပြထားသော လိပ်စာကို ဖြည့်သွင်းပြီးမှ လျှောက်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည် (တိုက်ခန်းအမည်ကို ချန်လှပ်ထားနိုင်ပါသည်)။<br>※ နေထိုင်ခွင့်ကတ်တွင် ဖော်ပြထားသည့် နောက်ဆုံးပေါ်လိပ်စာဖြင့် လျှောက်ထားရန် လိုအပ်ပါသည်။<br>※ နေထိုင်ခွင့်ကတ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါက အကောင့်ဖွင့်နိုင်မည်မဟုတ်ပါ။ လိပ်စာပါရှိသော နေထိုင်ခွင့်ကတ်ကို ပြင်ဆင်ထားပြီးမှ လျှောက်ထားပါရန် မေတ္တာရပ်ခံအပ်ပါသည်။ |

【Yucho Tetsuzuki Appကို အသုံးပြု၍ အကောင့်ဖွင့်ရာတွင် မပြည့်စုံရသည့်အကြောင်းအရင်းများ 】

| လက်ခံခြင်းမပြုနိုင်သောအကြောင်းရင်း<br>（အီးမေးလ်တွင်ဖော်ပြထားသည်） | အသေးစိတ်အကြောင်းရင်းများ စသည်တို့ |
|---|---|
| နေထိုင်ခွင့်အမျိုးအစား မှားယွင်းနေပါသည်။ | နေထိုင်ခွင့်ကတ်တွင် ဖော်ပြထားသော နေထိုင်ခွင့်အမျိုးအစားနှင့် လျှောက်ထားသည့် နေထိုင်ခွင့်အမျိုးအစားသည် ကွဲလွဲနေပါသည်။<br>သင်၏ နေထိုင်ခွင့်ကတ်ကို စစ်ဆေးပြီး ၎င်းတွင် ဖော်ပြထားသော နေထိုင်ခွင့်အခြေအနေကို ဖြည့်သွင်းပြီးမှ လျှောက်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။<br>ထို့အပြင် အောက်ပါဥပမာများကဲ့သို့ အမှားများသည့်အတွက် စစ်ဆေးရန် မေတ္တာရပ်ခံအပ်ပါသည်။<br>ဥပမာ) Technical Intern Training 1 (**<u>i</u>**)　/　Technical Intern Training 1 (**<u>ro</u>**)<br>（技能実習１号**<u>イ</u>**）　（技能実習１号**<u>ロ</u>**）<br>Technical Intern Training **<u>1</u>** (i)　/　Technical Intern Training **<u>2</u>** (i)<br>（技能実習**<u>１号</u>**イ）　（技能実習**<u>２号</u>**イ）<br><br>※ နေထိုင်ခွင့်ကတ်အချက်အလက်ကို ပြင်ဆင်သည့်လျှောက်လွှာလျှောက်ထားနေသူများသည် ပြင်ဆင်မှုပြီးဆုံးပြီးနောက် ထပ်မံ၍ လျှောက်ထားပါရန် မေတ္တာရပ်ခံအပ်ပါသည်။ |
| နေထိုင်ခွင့်ကာလ မှားယွင်းနေပါသည်။ | နေထိုင်ခွင့်ကတ်တွင် ဖော်ပြထားသော နေထိုင်ခွင့်ကာလနှင့် လျှောက်ထားသည့် နေထိုင်ခွင့်ကာလသည် ကွဲလွဲနေပါသည်။<br>သင်၏ နေထိုင်ခွင့်ကတ်ကို စစ်ဆေးပြီး ၎င်းတွင် ဖော်ပြထားသော နေထိုင်ခွင့်ကာလကို ဖြည့်သွင်းပြီးမှ လျှောက်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။<br>※ နေထိုင်ခွင့်ကတ်အချက်အလက်ကို ပြင်ဆင်သည့်လျှောက်လွှာလျှောက်ထားနေသူများသည် ပြင်ဆင်မှုပြီးဆုံးပြီးနောက် ထပ်မံ၍ လျှောက်ထားပါရန် မေတ္တာရပ်ခံအပ်ပါသည်။ |
| နေထိုင်ခွင့်ကာလကုန်သည့်ရက် မှားယွင်းနေပါသည်။ | နေထိုင်ခွင့်ကတ်တွင် ဖော်ပြထားသော နေထိုင်ခွင့်ကာလကုန်သည့်ရက်နှင့် လျှောက်ထားသည့် နေထိုင်ခွင့်ကာလကုန်သည့်ရက်သည် ကွဲလွဲနေပါသည်။<br>သင်၏ နေထိုင်ခွင့်ကတ်ကို စစ်ဆေးပြီး ၎င်းတွင် ဖော်ပြထားသော နေထိုင်ခွင့်ကာလ ကုန်ဆုံးမည့်ရက်စွဲကို ဖြည့်သွင်းပြီးမှ လျှောက်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။<br>※ နေထိုင်ခွင့်ကတ်အချက်အလက်ကို ပြင်ဆင်သည့်လျှောက်လွှာလျှောက်ထားနေသူများသည် ပြင်ဆင်မှုပြီးဆုံးပြီးနောက် ထပ်မံ၍ လျှောက်ထားပါရန် မေတ္တာရပ်ခံအပ်ပါသည်။ |
| ဂျပန်နိုင်ငံသို့ဝင်သည့်နေ့လရက် မှားယွင်းနေပါသည်။ | လျှောက်ထားသည့် ဂျပန်နိုင်ငံသို့ဝင်သည့်နေ့လရက်သည် ကွဲလွဲနေပါသည်။<br>မှန်ကန်သော ဂျပန်နိုင်ငံသို့ ဝင်ရောက်သည့် ရက်စွဲကို စစ်ဆေး၊ ဖြည့်သွင်းပြီးမှ လျှောက်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ |
| သက်တမ်းကုန်ဆုံးရက် မှားယွင်းနေပါသည်။ | နေထိုင်ခွင့်ကတ်တွင် ဖော်ပြထားသော သက်တမ်းကုန်ဆုံးရက်နှင့် လျှောက်ထားသည့် သက်တမ်းကုန်ဆုံးရက်သည် ကွဲလွဲနေပါသည်။<br>သင်၏ နေထိုင်ခွင့်ကတ်ကို စစ်ဆေးပြီး ၎င်းတွင် ဖော်ပြထားသော သက်တမ်းကုန်ဆုံးရက်စွဲကို ဖြည့်သွင်းပြီးမှ လျှောက်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ |
| အခြားချို့ယွင်းချက်။ | လျှောက်ထားသည့် အချက်အလက်များကို ချုံငြုံသုံးသပ်ရာပြီး အကောင့်ဖွင့်ခြင်းကို မပြုနိုင်ပါ။<br>ထပ်မံလျှောက်ထားသည့်အခါ အလွတ်ဖြည့်သွင်းနေရာတွင် ဖြည့်သွင်းချိန်တွင် အသေးစိတ်ရေးဖြည့်သွင်းပါ။<br>တစ်ဖန် Chatတွင်  ဥပမာကို ရေးသားထားပါက ကိုးကားပြီး အသေးစိတ်ရေးဖြည့်သွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။ |